# အလ္လာဟ့်ရဲ့ အမ်ရ်

အလ္လာဟ့်ရဲ့ အမ်ရ် ဆိုတာက ခ-လ-က ထဲမှာ အပါအဝင်ဖြစ်ပြီး ဖြစ်တယ်။ ခ-လ-က ဖြစ်တည် စေဖို့ အတွက် ....

(၁) အဲ့ဒီဖြစ်တည်စေမဲ့အရာဟာ အလ္လာဟ့်ရဲ့ မရှိယဟ် မှာပြဌာန်းထားတဲ့အရာဖြစ်ရမယ်။ အလ္လာဟ့်ရဲ့ မရှိယဟ် မှာမသတ်မှတ်ထားတဲ့ အရာဟာ ဘယ်တော့မှ ဖြစ်မလာနိုင်ဘူး။ ဥပမာ- လူသားအားလုံးကို မွတ်စလင်မ်တွေ ဖြစ်စေဖို့ဟာ အလ္လာဟ့်ရဲ့ မရှိယဟ် မှာ မရှိတဲ့အတွက် အဲ့လိုဖြစ်မလာနိုင်ဘူး။ (၂) ဖြစ်တည်စေမှုအရာဝတ္ထုအတွက် လိုအပ်ချက်(ကုန်ကြမ်း)တွေကို ကသ္သာ ဖြည့်ဆည်း ရမယ်။ ဥပမာ- ရေဖြစ်ဖို့အတွက် H နဲ့ O လိုတယ်။

(၃) ဖြစ်တည်စေဖို့အတွက် အလ္လာဟ့်ရဲ့ အမ်ရ် အမိန့် (ဝါ) စည်းမျဉ်း လိုအပ်တယ်။ ဥပမာ- H နဲ့ O ရှိရုံနဲ့ရေမဖြစ်သေးဘူး၊ H နဲ့ O ပေါင်းရင်ရေဖြစ်ရမယ်ဆိုတဲ့ အလ္လာဟ့်ရဲ့ အမ်ရ် အမိန့် (ဝါ) စည်းမျဉ်း သတ်မှတ်ချက်လိုအပ်တယ်။ အဲ့ဒါကို ကွန်ဖရာကူးန် လို့ရည်ညွှန်းတယ်။

- ဒါတွေက အစကနဦး ဖြစ်တည်စေမှုသဘောတရားပေါ့။ ကျွန်တော်နားလည်သလို ပြောချလိုက်ပါပြီ။ မှားနေရင်လည်း ပြင်ပေးတည့်ပေးပါ အစ်ကို။ ကျွန်တော်သိသလောက် ကျွန်တော်ပြောကြည့်တာပါ။

# အလ္လာဟ့်ရဲ့ အမ်ရ်

အလ္လာဟ့်ရဲ့ အမ်ရ် ဆိုတာက ခ-လ-က ထဲမှာ အပါအဝင်ဖြစ်ပြီး ဖြစ်တယ်။ ခ-လ-က ဖြစ်တည် စေဖို့အတွက် ....

အကို့နားလည်မှုနဲ့ တူညီပါတယ်။ ဒီနေရာလေးမှာ လောက ဥပမာလေး ပေးမယ်- ဂျုံထဲမှာ ဆိုဒါ ထည့်နယ်သလိုပဲ။ ဂျုံမှုန့်နဲ့ လုပ်တဲ့ မုန့်မှာ ဆိုဒါဟာ အပေါ်ယံမှာ ပါသလား၊ အတွင်းမှာ ပါသလား၊ ဂျုံတစ်မှုန့်ချင်းဆီမှာ ပါသွားသလား ခွဲမရဘဲ ဖြစ်သွားသလိုပဲ။ အဲ့ဒီ မုန့် ပွ ရတဲ့ အကြောင်းရင်းကတော့ ဆိုဒါကြောင့်ပဲ--။ ဒါပေမယ့် ဂျုံမရှိရင်လည်း မုန့်က ဖြစ်လာမှာ မဟုတ်ဘူး။

(၁) အဲ့ဒီ ဖြစ်တည်စေမဲ့အရာဟာ အလ္လာဟ့်ရဲ့ မရှိယဟ် မှာ ပြဌာန်းထားတဲ့အရာ ဖြစ်ရမယ်။ အလ္လာဟ့်ရဲ့ မရှိယဟ် မှာ မသတ်မှတ်ထားတဲ့ အရာဟာ ဘယ်တော့မှ ဖြစ်မလာနိုင်ဘူး။

ဒီတော့ ခလက+ အမ်ရ် ကို ဖြစ်စေမယ့် ပြဌာန်းချက် (ကီတာ့ဘ်) ရှိနေတယ်။ အဲ့ဒီအရာများကို ဖြစ်စေဘို့ "အာလမ်- အသိ" ရှိနေတယ်။ အသိကွန်ယက်ကို ဖြစ်စေဘို့ အသိဇစ်မြစ် ဗဒိ ရှိနေတယ်။ လူတစ်ဦးရဲ့ရှုးဟ် အသိဆက်အားက အသိဇစ်မြစ်ရဲ့ အထဲထိ မရောက်နိုင်ဘူး၊ အသိဇစ်မြစ်ရဲ့

ပရဝုဏ်ကိုပဲ ရောက်နိုင်တယ် ညီလေး-။ ဒီတော့ အဲ့ဒီ နောက်ဆက်အတွက် စကားလုံးမရှိဘူး။ အဲ့ဒီကို ညီလေး ရောက်လာလိမ့်မယ်။ ရောက်လာရင် ညီလေးကိုယ်တိုင် သိသွားပါလိမ့်မယ်။

ဥပမာ- လူသားအားလုံးကို မွတ်စလင်မ်တွေ ဖြစ်စေဖို့ဟာ အလ္လာဟ်ရဲ့ မရှိယဟ် မှာ မရှိတဲ့အတွက် အဲ့လိုဖြစ်မလာနိုင်ဘူး။

ဒီ ဥပမာလေးက နည်းနည်း အားနည်းတယ်။ ရုပ်အားဖြင့် အရာအားလုံးက မွတ်စလင်ဖြစ်တယ်။ အသက်အားဖြင့်လည်း အရာအားလုံးက မွတ်စလင်ဖြစ်တယ်။ အလ္လာဟ်က "ဆန္ဒ"ကိုပဲ လွတ်လပ်ခွင့် ပေးထားလိုက်တာ။ ဒီနေရာမှာလည်း "ဆန္ဒ" သည် သူ့လွတ်လပ်ခွင့်ကို သူနာခံနေလို့ မွတ်စလင် ဖြစ်နေသေးတယ်။ အလွန်နုလွန်းတယ်။ ညီလေး သိလာရင် အလ္လာဟ်ကို ဘာနဲ့မှ မလဲနိုင်ဘဲ "ချစ်" ပစ်လိုက်မှာပါ။

အလ္လာဟ်က "အလ္လာဟ်ပြဌာန်းတဲ့ နိယာမ"ရဲ့ ဆန့်ကျင်ဘက်ကိုပဲ မရှိယာဟ်မှာ မရှိစေတာပါ။ ဥပမာ "ဖြစ်"လို့ ပြဌာန်းလိုက်ရင် "မဖြစ်ဘဲမရှိစေရ" ဆိုတဲ့ သဘောပါ။ (လူ့လောကအတွက် နိယာမများကို နားမလည်သေးတဲ့ လူတွေကြားမှာ- **ကွန်း ဖ ယကူးန်** ကို ပြောတဲ့အခါ သတိထားရတယ်။) သူတို့က အီဆာနဗီနဲ့ ပတ်သက်လာရင်လည်း "ဖြစ်" လို့ ပြောလိုက်ရင် မဖြစ်ဘဲ နေလို့ ရလို့လား-လို့ ပြန်ပြော နိုင်တယ်။ သူတို့မှာ အဲ့လောက်ပဲ အမြင်က ရှိနေတာကိုး။ ဒါကြောင့် အလ္လာဟ်က လူ့လောက သဘော ကို ပြောတဲ့ ၃၀း၃၀ ကို အရင်ပြပေးရတယ်။ ခေါင်းထဲမှာ အစာကြေအောင် အရင် ကြိုးစားပေးရတယ်။ (ဒါကြောင့် ခရစ်ယာန် သာသနာပြုများကို တိုက်မဲ့ တိုက်ကွက် အဖြစ်ပဲ လောလောဆယ် သုံးပါ။ ကြုံလို့နော်)

(၂) ဖြစ်တည်စေမှုအရာဝတ္ထုအတွက် လိုအပ်ချက်(ကုန်ကြမ်း)တွေကို ကာသွာ ဖြည့်ဆည်း ရမယ်။ ဥပမာ- ရေဖြစ်ဖို့အတွက် H နဲ့ O လိုတယ်။
(၃) ဖြစ်တည်စေဖို့အတွက် အလ္လာဟ်ရဲ့ အမ်ရ် အမိန့် (ဝါ) စည်းမျဉ်း လိုအပ်တယ်။ ဥပမာ- H နဲ့ O ရှိရုံနဲ့ရေမဖြစ်သေးဘူး၊ H နဲ့ O ပေါင်းရင်ရေဖြစ်ရမယ်ဆိုတဲ့ အလ္လာဟ်ရဲ့ အမ်ရ် အမိန့် (ဝါ) စည်းမျဉ်း သတ်မှတ်ချက်လိုအပ်တယ်။ အဲ့ဒါကို ကွန်ဖရာကူးန် လို့ ရည်ညွှန်းတယ်။

ဟုတ်တယ် နည်းနည်းလေး ချဲ့ထုတ်လိုက်။ ဆွဲဖြန့်လိုက်။ "ကွန်း" = ဖြစ် (အကြမ်းပြောရင် အမိန့်ပေး စကားလုံး၊ စေစား စကားလုံး။) ဖ = သို့ပြီးနောက်၊ သို့ဖြင့် (ကွန်းရဲ့ နောက်ကို ဆက်လက် ဖြစ်လာစေမယ့် သဘောတရား၊ ယကူးန်= ဖြစ်ကို ဖြစ်လာရစေမယ်၊ (ရှေ့က ပြောတဲ့ စကားလုံးရဲ့ ဆက်တိုက် အကျိုးဖြစ်ထွန်းလာမှု)။ ဒီစကားလုံးမှာ "ဝုန်းဒိုင်း ဖြစ်လာတဲ့ သဘောမပါဝင်ဘူး။" ဥပမာ ဒီမြစ်ပေါ်ကို ဖြတ်ပြီး တံတားတစ်လက် တည်ဆောက်လိုက် ဟု အမိန့်ပေးလိုက်သမဖြင့် တံတားတစ်လက်သည် ဖြစ်လာခဲ့ရလေပြီ၊" ဆိုတာမျိုးလေးကို မြင်ယောင်ကြည့်လိုက်ပါ။

အလားတူပဲ H + O ဖြစ်လာစေဘို့ H တစ်ခုကိုယ်တိုင်က သူ့အဆင့်ဆင့် အနုစိပ်ရှိနေဦးမယ်။ အလားတူ O လည်း အဆင့်ဆင့်ရှိနေဦးမယ်။ အဲ့ဒီ အဆင့်ဆင့်တိုင်းမှာ အလွန်အနုစိပ်တဲ့ စည်းချိန် စည်းချက် ကဒရ် တွေ ရှိနေဦးမယ်။ (မတော်တဆ ဖြစ်လာတာများ မဟုတ်ပါ။) မတော်တစ်ဆ မဟုတ်တဲ့ ဖြစ်စဉ်ကို အမ်ရ် လို့ ပြောပါတယ်။

ဒါတွေက အစကနဦး ဖြစ်တည်စေမှုသဘောတရားပေါ့။ ကျွန်တော်နားလည်သလို ပြောချလိုက်ပါပြီ။ မှားနေရင်လည်း ပြင်ပေးတည့်ပေးပါ အစ်ကို။ ကျွန်တော်သိသလောက် ကျွန်တော်ပြောကြည့်တာပါ။

ပြောသာပြော ညီလေး၊ အခု အကိုက ပြန်ဆွေးနွေးတာလည်း- ဟုတ်ကဲ့လို့ ရပ်မနေနဲ့ ညီလေး ဗဟုသုတ အတွေးများနဲ့ ဆက်တွေး၊ ဖြစ်နိုင်ရင် စာလုံးတစ်လုံးချင်းစီကို ဆောင်းပါးတစ်ပုဒ် ဝတ္ထု တစ်အုပ် ဖြစ်အောင်တွေးပါ။ အဲ့ဒီ အခါမှာ ရှိသမျှဟာ ရုပ်ဖြစ်နေမယ်၊ နာမ်ဖြစ်နေမယ် ဆိုတာကို သိသွားမယ်။ ဒီအချက်က အလ္လာဟ့်ကို သိစေမယ့် "သော့" ပါပဲ။ ၈း၂၄ ကိုကြည့်ပေါ့။ ကမ္ဘာကျော် ဝလီကြီး အေမာန်ဂဇာလီတို့ကို ကြည့်ပေါ့။ ပညာအရာ ဒဿနအရာမှာလည်း ကမ္ဘာ့ထိပ်သီးပဲ။

ချစ်ခင်စွာဖြင့်